ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
ရခိုင်ပြည်နယ်၊မင်းပြားမြို့

# တောင်သူများအတွက် အကျိုးအမြတ်များသည့် စပါးမျိုးများအား ရှာဖွေလေ့လာခြင်း

ဒေါ်မြတ်ပြည့်စုံ
အလုပ်သင်နေ့စား
မင်းပြားမြို့

# နိဒါန်း

- မင်းပြားမြို့နယ်သည် ရခိုင်ပြည်နယ်၏ လယ်ယာကဏ္ဍသီးနှံစိုက်ပျိုးထုတ်လုပ်မှု အဓိက ကျသော မြို့နယ်တစ်ခုဖြစ်
- ဆန်စပါးကို အဓိက စိုက်ပျိုးထုတ်လုပ်လျက်ရှိကာ မိုးစပါး စိုက်ဧက(၈၉၅၅၅)ဧက ခန့်အား နှစ်စဉ်စိုက်ပျိုးထုတ်လုပ်လျှက်ရှိကာ ဒေသဝမ်းစာဖူလုံပိုလျှံသော မြို့နယ်
- မြို့နယ်တွင်း လူဦးရေစုစုပေါင်း (၂)သိန်းခန့် နေထိုင်လျက်ရှိပြီး တောင်သူလယ်သမား ဦးရေ (၁၈၆၇၉)ဦးခန့် စိုက်ပျိုးထုတ်လုပ်လျှက်ရှိ
- ကျေးလက်နေ ပြည်သူများ၏ (၇၀)ရာခိုင်နှုန်းခန့်သည် လယ်ယာကဏ္ဍတွင် ပါဝင် ဆောင်ရွက် နေပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပါက ကျေးလက်နေ ပြည်သူများ ၏ လူမှုစီးပွားဘဝ လည်း ဖွံ့ဖြိုးတိုးတက် လာမည်

# ရည်ရွယ်ချက်

- ဒေသရေမြေနှင့်ကိုက်ညီသော စပါးမျိုးကွဲများအား တောင်သူများ သိရှိ စိုက်ပျိုးလာစေရန်။
- ဈေးကွက်ရှိပြီး အကျိုးအမြတ်များသော စပါးမျိုးများအား ရွေးချယ် စိုက်ပျိုးနိုင်စေရန်။
- တောင်သူများ အကျိုးအမြတ်ပိုမိုရရှိကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာစေရန်။

# စမ်းသပ်ကွက် ဆောင်ရွက်ရသည့် အကြောင်းအရင်း

- မင်းပြားမြို့နယ်တွင် နှစ်စဉ် မိုးစပါး အထွက်ကောင်းမျိုး၊ အရည်အသွေးကောင်းမျိုးနှင့် ဒေသမျိုးများ အပါအဝင် စပါးမျိုးကွဲများစွာ စိုက်ပျိုးလျက်ရှိ
- ဆင်းသွယ်လတ်၊ ရွှေဝါထွန်း၊ မနောသုခ၊ ရေဆင်း(၃)၊ ပေါ်ဆန်းမွှေး၊ ပေါ်ဆန်းရင် စသည်ဖြင့်
- ယင်းသို့စပါးမျိုးကွဲများ များပြားခြင်းကြောင့် မျိုးရောမှုများ ဖြစ်ပေါ်ကာ အထွက်နှုန်းများ ကျဆင်းခြင်း၊ သိုလှောင်ထိန်းသိမ်းရခက်ခဲခြင်း၊ ကြိတ်ခွဲရာတွင်အဆင်မပြေမှုများ ဖြစ်ပေါ်ပြီး ထုတ်ကုန်အရည်အသွေး ညံ့ဖျင်း၍ ဈေးကောင်းမရခြင်းတို့ကြောင့် တောင်သူများ အကျိုးအမြတ်နည်းပါးလျက်ရှိ
- အကယ်၍ ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်တွင် အကျိုးအမြတ်များသော စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးလာမည်ဆိုပါက တောင်သူများ ဝင်ငွေပိုမို တိုးတက်လာစေမည်

# စမ်းသပ်ကွက် စိုက်ပျိုးပြီးစီးမှုအခြေအနေ

တောင်သူအမည် - ဌာနပိုင်မျိုးသန့်ခြံ
ဦးပိုင် - ၁၄
ကွင်းအမှတ် - ၁၃၃၀(ခ)
ကျေးရွာအမည် - ကင်းဆိပ်
ကျေးရွာအုပ်စုအမည် - ကင်းဆိပ်

| စဉ် | မျိုးကွဲအမည် | စိုက် (ဧက) | ပျိုးထောင်ရက် | တန်းကြား ပင်ကြား | စိုက်ရက် |
|---|---|---|---|---|---|
| ၁ | ဆင်းသွယ်လတ် | ၀.၁၂၅ | ၁၀-၇-၂၀၂၀ | ၈”×၆” | ၂၉-၇-၂၀၂၀ |
| ၂ | ရွှေဝါထွန်း | ၀.၁၂၅ | ၁၀-၇-၂၀၂၀ | ၈”×၆” | ၂၉-၇-၂၀၂၀ |
| ၃ | ရေဆင်း-၃ | ၀.၁၂၅ | ၁၀-၇-၂၀၂၀ | ၈”×၆” | ၂၉-၇-၂၀၂၀ |
| ၄ | ပေါ်ဆန်းရင် | ၀.၁၂၅ | ၁၀-၇-၂၀၂၀ | ၈”×၈” | ၂၉-၇-၂၀၂၀ |
| | **စုစုပေါင်း** | **၀.၅၀** | | | |

# မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ပျိုးပေါင်နှင့် မျိုးစေ့ချနေပုံ





# စမ်းသပ်ကွက် ပျိုးခင်းနှင့် စိုက်ပျိုးနေပုံ





# စမ်းသပ်ကွက်တွင် သွင်းအားစုများ ထည့်သွင်းမှု အခြေအနေ

| စဉ် | အကြောင်းအရာ | ဆင်းသွယ် လတ် | ရွှေဝါထွန်း | ရေဆင်း-၃ | ပေါ်ဆန်းရင် |
|---|---|---|---|---|---|
| ၁ | မြေခံကွန်ပေါင်းမြေဩဇာထည့်သွင်းခြင်း(၁အိတ်/ဧက) | ၆.၂၅ ကီလို | ၆.၂၅ ကီလို | ၆.၂၅ ကီလို | ၆.၂၅ ကီလို |
| ၂ | စိုက်သက်လှန်ချိန်တွင်ယူရီးယား ဓါတ်မြေဩဇာထည့်သွင်းခြင်း (၁/၂အိတ်/ဧက) | ၃.၁၂၅ ကီလို | ၃.၁၂၅ ကီလို | ၃.၁၂၅ ကီလို | ၃.၁၂၅ ကီလို |
| ၃ | ပန်းပွင့်ခါနီး ယူရီးယား ဓါတ်မြေဩဇာထည့်သွင်းခြင်း(၁/၂အိတ်/ဧက) | ၃.၁၂၅ ကီလို | ၃.၁၂၅ ကီလို | ၃.၁၂၅ ကီလို | ၃.၁၂၅ ကီလို |

# စမ်းသပ်ကွက်တွင် ဓါတ်မြေသြဇာကြဲပက်နေပုံ



# စမ်းသပ်ကွက် အောင်မြင်စွာဖြစ်ထွန်းနေပုံ






# စမ်းသပ်ကွက် အောင်မြင်စွာဖြစ်ထွန်းနေပုံ






# စမ်းသပ်ကွက်တွင် ပေါင်းမြက်ရှင်းလင်းနေပုံ






# စမ်းသပ်ကွက်၏ စစ်ဆေးတွေ့ရှိချက်များ

| စဉ် | မျိုးကွဲအမည် | အပင်အမြင့်(ပေ) | ပင်ပွား | အသက်ရက် |
|---|---|---|---|---|
| ၁ | ဆင်းသွယ်လတ် | ၃’၇” | ၇ | ၁၃၇ |
| ၂ | ရွှေဝါထွန်း | ၄’၇” | ၇.၅ | ၁၄၆ |
| ၃ | ရေဆင်း-၃ | ၃’၂” | ၇.၂ | ၁၂၇ |
| ၄ | ပေါ်ဆန်းရင် | ၅’၁” | ၆.၂ | ၁၅၁ |

# စမ်းသပ်ကွက် အောင်မြင်စွာဖြစ်ထွန်းနေပုံ



# စမ်းသပ်ကွက် ရိတ်သိမ်းပြီးစီးမှုအခြေအနေ

| စဉ် | မျိုးကွဲအမည် | ရိတ် (ဧက) | ရိတ်သိမ်းရက် | အထွက်နှုန်းမိတ်ဖက်များ | | | | အထွက်/ဧက |
|---|---|---|---|---|---|---|---|---|
| | | | | ကောက်ကွက် | အနှံ့ပါပင်ပွား | တစ်နှံ့ပါအောင်စေ့ | အစေ့ (၁၀၀၀) အလေးချိန် | |
| ၁ | ဆင်းသွယ်လတ် | ၀.၁၂၅ | ၂၇-၁၁-၂၀၂၀ | ၁၃၀၃၀၀ | ၇ | ၇၄ | ၂၆.၈ | ၈၆.၆၂ |
| ၂ | ရွှေဝါထွန်း | ၀.၁၂၅ | ၆-၁၂-၂၀၂၀ | ၁၃၀၅၀၀ | ၇.၅ | ၇၀ | ၂၄.၃ | ၇၉.၇၂ |
| ၃ | ရေဆင်း-၃ | ၀.၁၂၅ | ၇-၁၁-၂၀၂၀ | ၁၃၀၂၀၀ | ၇.၂ | ၇၆ | ၂၅ | ၈၅.၂၉ |
| ၄ | ပေါ်ဆန်းရင် | ၀.၁၂၅ | ၁၁-၁၂-၂၀၂၀ | ၉၈၀၀၀ | ၆.၂ | ၇၅ | ၂၉ | ၆၃.၂၈ |

# စမ်းသပ်ကွက်တွင် စံကွက်ရိတ်သိမ်းနေပုံ






# စမ်းသပ်ကွက် မျိုးကွဲများ၏ တစ်ဧက အကျိုးအမြတ် ရရှိမှုအခြေအနေ

| စဉ် | အကြောင်းအရာ | ဆင်းသွယ်လတ် | ရွှေဝါထွန်း | ရေဆင်း-၃ | ပေါ်ဆန်းရင် |
|---|---|---|---|---|---|
| ၁ | တစ်ဧကကုန်ကျစရိတ် | ၂၇၈၀၀၀၀ | ၂၇၈၀၀၀၀ | ၂၇၈၀၀၀၀ | ၂၈၂၅၀၀၀ |
| ၂ | တစ်ဧကအထွက်တင်း | ၈၆.၆၂ | ၇၉.၇၂ | ၈၅.၂၉ | ၆၃.၂၈ |
| ၃ | တစ်တင်းဈေးနှုန်း | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ | ၇၀၀၀ |
| ၄ | တစ်ဧကဝင်ငွေ | ၃၆၈၁၃၅ | ၃၃၈၈၁၀ | ၃၆၂၄၈၂ | ၄၄၂၉၆၀ |
| ၅ | တစ်ဧကအကျိုးအမြတ် | ၉၀၁၃၅ | ၆၀၈၁၀ | ၈၄၄၈၂ | **၁၆၀၄၆၀** |
| ၆ | **တစ်ဧကကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး** | ၁:၁.၃၂ | ၁:၁.၂၂ | ၁:၁.၃၀ | ၁:၁.၅၇ |

# စမ်းသပ်ကွက် မျိုးကွဲများ၏ တစ်ဧက အကျိုးအမြတ် ဖော်ပြမှုနှိုင်းယှဉ်ချက်




| | ဆင်းသွယ်လတ် | ရွှေဝါထွန်း | ရေဆင်း-၃ | ပေါ်ဆန်းရင် |
|---|---|---|---|---|
| တစ်ဧကကုန်ကျစရိတ် | ၂၇၈၀၀၀ | ၂၇၈၀၀၀ | ၂၇၈၀၀၀ | ၂၈၂၅၀၀ |
| တစ်ဧကအကျိုးအမြတ် | ၃၆၈၁၃၅ | ၃၃၈၈၁၀ | ၃၆၂၄၈၂ | ၄၄၂၉၆၀ |

# တွေ့ရှိချက်များ

- ဆင်းသွယ်လတ်၊ ရွှေဝါထွန်း၊ ရေဆင်း(၃) မျိုး(၃)မျိုး၏ တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်မှာ (၂၇၈၀၀၀)ကျပ်၊ စပါးပေါ်ချိန် လက်ရှိ စပါးတစ်တင်း ရောင်းဈေးမှာ (၄၂၅၀)ကျပ်နှုန်း ရရှိခဲ့
- အထွက်နှုန်းအများဆုံး(၈၆.၆၂)တင်းထွက်သော ဆင်းသွယ်လတ်စပါးမျိုးမှာ တစ်ဧကအမြတ် ဒုတိယအများဆုံး(၉၀၁၃၅)ကျပ်ရရှိခဲ့
- ရေဆင်း(၃) စပါးမျိုးမှာ (၈၄၄၈၂)ကျပ်ဖြင့် တတိယအမြတ်များဆုံးဖြစ်ပြီး ရွှေဝါထွန်းစပါးမျိုးမှာ အမြတ်ငွေ အနည်းဆုံး (၆၀၈၁၀)ကျပ်သာ ရရှိခဲ့
- မျိုးကွဲ (၄)မျိုး ယှဉ်ပြိုင် စိုက်ပျိုးခဲ့ရာတွင် ပေါ်ဆန်းရင်စပါးမျိုးသည် (၆၃.၂၈) တင်းနှင့် အထွက်နှုန်း အနည်းဆုံးဖြစ်သော်လည်း တစ်ဧကဝင်ငွေ (၁၆၀၀၀၀)ကျပ်ခန့်ရရှိခဲ့သဖြင့် အမြတ်အများဆုံးနှင့် ဈေးကွက်ဝယ်လိုအားကောင်းပြီး ရေမြေဒေသနှင့်လည်း ကိုက်ညီမှုရှိကြောင်း တွေ့ရှိရ
- တောင်သူများအနေဖြင့် ဒုတိယအမြတ်အများဆုံး ဆင်းသွယ်လတ်စပါးမျိုးအား ဒုတိယဦးစားပေး စိုက်ပျိုးသင့်

# ရှေ့ဆက်လက်ဆောင်ရွက်ရန်အကြံပြုချက်

❖ စမ်းသပ်တွေ့ရှိချက်အရ ပေါ်ဆန်းရင်စပါးမျိုးသည် ဈေးကွက် ဝယ်လိုအားရှိခြင်း၊ တစ်ဧကအကျိုးအမြတ်ပိုမိုရရှိခြင်း

❖ အကျိုးဆောင်တောင်သူများအား ပညာပေးစည်းရုံးကာ ပေါ်ဆန်းရင်စပါးမျိုးအား မျိုးစေ့ထုတ်လုပ်၍ မြို့နယ်အတွင်း တိုးချဲ့စိုက်ပျိုးနိုင်ရေး ပညာပေးစည်းရုံး ဆောင်ရွက်သင့်







လမ်းညွှန်မှုခံယူအပ်ပါသည်